# PEOPLE DEFENSE FORCE

# DEMAWSO

## ပြည်သူများသို့ အသိပေး ကြေညာချက် ထုတ်ပြန်ခြင်း

ကြေညာချက်အမှတ်( ၉ /၂၀၂၁)

ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်

ယခုအချိန်ကာလသည် တိုင်းပြည်၏ အာဏာအရပ်ရပ်ကို အကြမ်းဖက် သိမ်းယူထားသည့် စစ်ကောင်စီအား အမြစ်ပြတ် ချေမှုန်းတိုက်ခိုက်ရန် စီမံဆောင်ရွက်နေသည့် အချိန်ကာလဖြစ်ပါသည်။ ထို့အတူ ပြည်သူများအနေဖြင့်လည်း စစ်ကောင်စီအား တော်လှန်တိုက်ခိုက်ရာတွင် တတ်နိုင်သည့် အခန်းကဏ္ဍမှ ပူးပေါင်းပါဝင်သွားမည်ဟု မိမိတို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (ဒီးမော့ဆို) **DMO-PDF** အနေဖြင့် အလေးအနက် ယုံကြည်ထားရှိပါသည်။

သို့ရာတွင် စစ်အာဏာရှင်အား အမြစ်ပြတ် ချေမှုန်းတိုက်ခိုက်ရန် မိမိတို့ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ (ဒီးမော့ဆို) **DMO-PDF** အနေဖြင့် ကြိုးပမ်း ဆောင်ရွက်နေစဉ်ကာလအတွင်း အချို့သော လူပုဂ္ဂိုလ်များမှ အခွင့်ကောင်းယူ၍ ဒီးမော့ဆိုမြို့နယ်အတွင်း (စိတ်ကြွရူးသွပ်) မူးယစ်ဆေးဝါးများ ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းများ ဆောင်ရွက်လျက်ရှိနေကြောင်း မြေပြင် သတင်းများအရ သိရှိရ ပါသည်။

သို့ဖြစ်ပါ၍ ဒီးမော့ဆိုမြို့နယ်အတွင်း (စိတ်ကြွရူးသွပ်) မူးယစ်ဆေးဝါးများ ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းများ ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုကြရန် သတိပေး တားမြစ်လိုက်သည်။

မိမိတို့၏ တားမြစ်ချက်အား လိုက်နာခြင်းမရှိဘဲ ဆက်လက်ရောင်းဝယ်ဖောက်ကားခြင်း၊ သုံးစွဲခြင်းများ ပြုလုပ်သွားမည်ဆိုပါက မိမိတို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (ဒီးမော့ဆို) **DMO-PDF** အနေဖြင့် ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေး ထုတ်ပြန်လိုက်သည်။

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့

(ဒီးမော့ဆို)